မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

November 12, 2024 Volume 84, Number 7


၁၂.၁၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၄.၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၂၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၂၉ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၀၂ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် မြေထောက်ပဲနှင့်ပဲကြီး အရောင်းအဝယ်ကောင်းမွန်လာ



မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့်ပဲကြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပဲ၊ ပြောင်း၊ နှမ်းစသည့် ကုန်စည်များထဲတွင် ယခင်က မြေထောက်ပဲ နှင့် ပဲကြီးမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့်အရောင်းအဝယ်အေးနေခဲ့ကြောင်း လက်ရှိတွင် မြေထောက်ပဲနှင့်ပဲကြီးကို ကုန်သည်များဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင်ရှိကြောင်း သိရသည်။

“ မြေထောက်ပဲနဲ့ပဲကြီးက အရင်တစ်ပတ်လောက်က အဝယ်သိပ်မလိုက်တာကြောင့် မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်သိပ်မဖြစ်ခဲ့ဘူး။လက်ရှိ အရောင်းအဝယ်ကောင်းမွန်လာတဲ့အပြင် ပြည်ပကဝယ်ယူမှုတွေများလာတာကြောင့်မြေထောက်ပဲနှင့်ပဲကြီးမှာ အရောင်းအဝယ်ပြန်ပြီးကောင်းမွန်နေပါတယ်” ဟု ၎င်းကပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ မြေထောက်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀ပေါက်ဈေးရှိကြောင်း၊ ပဲကြီးသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ယခု ပဲ၊ပြောင်း၊နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ်၃၀၅,၀၀၀၊ နှမ်းနက်(စမုန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၅၀,၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ကင်းမွန်ရာသီအဖွင့်ဈေးမှာ ယခင်နှစ်ကထက် ဈေးနည်းပါးနေ



တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ပြင်၌ ကင်းမွန်ရာသီစတင်လုပ်ကိုင်နေပြီဖြစ်သော်လည်း ကင်းမွန်ရာသီအဖွင့်ဈေးမှာ ယခင်နှစ်ကထက် ဈေးနည်းပါးနေကြောင်း ကင်းမွန်လုပ်ငန်းရှင်များထံက သိရသည်။

" ထိုင်းဈေးကွက်ထဲမှာ ဈေးဖြုတ်ချထားပါ။ ဒီလိုပဲ ငါးဖမ်းရာသီဖွင့်ပြီး ကင်းမွန်ရာသီဖွင့်ပြီဆိုရင် သူတို့က ဈေးတွေဖြုတ်ချလေ့ရှိပါတယ်။ ရေထွက်ပစ္စည်းဈေးကို ထိုင်းကချုပ်ကိုင်ထားတော့ သူတို့ပေးတဲ့ဈေးနဲ့ပဲ ရောင်းနေရပါတယ်။ ကင်းမွန်ကတော့ တရုတ်ဝယ်လက်တွေလည်း ရှိတယ်" ဟု ကင်းမွန်လှေပိုင်ရှင်တစ်ဦးကပြောသည်။

ယခင်နှစ်များက ကင်းမွန်ရောင်းတမ်းဝင် ၁၊၂၊၃ အမျိုးအစားများမှာ ငွေကျပ် သုံးသိန်းကျော်အထိရရှိသော်လည်း ယခုနှစ်တွင်း ဈေးအရနည်းနေကြောင်း သိရသည်။

ကင်းမွန်များကို မိုးလေကင်းစင်သည့် ပွင့်လင်းရာသီများတွင်သာ လုပ်ငန်းလုပ်ကိုင်ရပြီး လကွယ်ရက်များ တွက်ချက်ကာ ပင်လယ်ပြင်အတွင်းသို့ ညအချိန်တွင်သာ လုပ်ငန်းခွင်ဝင်ရကြောင်း သိရသည်။

ကင်းမွန်များကိုမြန်မာ-ထိုင်းနယ်စပ်ဂိတ်တစ်ခုဖြစ်သည့်တနင်္သာရီတိုင်းဒေသကြီး၊မြိတ်ခရိုင်မောတောင်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ကုန်းလမ်းခရီးဖြင့်တင်ပို့နေသလိုရေလမ်းခရီးဖြင့်လည်းထိုင်းနိုင်ငံရနောင်းမြို့သို့တင်ပို့ပေးနေကြောင်း သိရသည်။


ထို့ပြင် ပင်လယ်ပြင်အတွင်း လိုက်လံဝယ်ယူသည့်လှေများရှိသလို တရုတ်ဝယ်လက်များကလည်း ကင်းမွန်များကို အပြုတ်၊ အခြောက်များပြုလုပ်ပြီး တရုတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်နေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ကင်းမွန်လှေ(တဝလိုင်စင်) အစင်းရေ ၃၀၀ ခန့်ရှိပြီး ကင်းမွန်လှေငယ် အစင်း ရေ ၅၀၀ ကျော်ရှိကြောင်း မြိတ်ခရိုင်ကင်းမွန်လုပ်ငန်းရှင်များအသင်းက သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း အုန်းသီးအနု အလုံးရေ ၅၅၀.၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဒေသထွက်အုန်းသီးအနုအလုံးရေ ၅၅၀,၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်တစ်ဦးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက အုန်းသီးအနုအလုံးရေ ၄၀၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ အုန်းသီးအနုအလုံးရေ ၅၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၈,၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

" ကျိုက်လတ်မြို့နယ်ကနေထွက်ရှိတဲ့ဒေသထွက်ကုန်တွေကိုရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကနေ အောက်တိုဘာလထဲမှာ အုန်းသီးအနုတွေ ဝယ်ယူမှုများပြားခဲ့ပါတယ်။အောက်တိုဘာလထဲ အုန်းသီးအနုအလုံးရေ ၅၅၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိနိုဝင်ဘာလထဲမှာ အုန်းသီးအနုဝယ်ယူမှုများပြားနေပါတယ်။ ဒေသထွက်အုန်းသီးအနုတွေ ဝယ်ယူမှုများပြားလာတဲ့အတွက် အုန်းစိုက်ပျိုးသူတွေအနေနဲ့ အုန်းသီးတွေကိုရင့်တဲ့အထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ် " ဟု ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် ပွဲရုံလုပ်ငန်းပိုင်ရှင်များ၊ အုန်းစိုက်ပျိုးသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ဆက်လက်မြင့်တက်လာ တစ်ပိဿာငွေကျပ် ၆၆၃၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ




စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း ဆက်လက်မြင့်တက်လာရာတစ်ပိဿာ ငွေကျပ် ၆၆၃၅ ဖြစ်လာပြီး ယခင်သီတင်းပတ်ထက်ငွေကျပ် ၄၀ ထပ်မံမြင့်တက်လာကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ဘဏ်စရိတ်များ၊အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်နေ့မှ နိုဝင်ဘာ ၁၇ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်း ဆီ တစ်ပိဿာလျှင် ၆၆၃၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါကအရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**Source : မကွေးဂျာနယ်**

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ နှံစားပြောင်းသီးနှံများ ရိတ်သိမ်းလျက်ရှိပြီး အရောင်းအဝယ်ဖြစ်





မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံတို့ကို စိုက်ပျိုးလျက်ရှိရာ စီးပွားဖြစ်ဝင်ငွေတိုးသော နှံစားပြောင်းသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ကျောက်ဆည်ခရိုင်အတွင်း၌ နှံစားပြောင်းစိုက်ကေ စုစုပေါင်း ၄၂၀၅ ကေ စိုက်ပျိုးထားရှိပြီး ကျောက်ဆည်မြို့နယ်၌ ၂၈၄၁ ကေ၊ မြစ်သားမြို့နယ်၌ ၁၃၆၄ ကေဖြင့် စိုက်ပျိုးနိုင်ခဲ့ကာ ကျောက်ဆည်မြို့နယ်၌ ၈၀၁ ကေရိတ်သိမ်းပြီးစီးကြောင်း သိရသည်။

နှံစားပြောင်းကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ထွက်ရှိကြောင်း၊ အများဆုံးစိုက်ပျိုးသောမျိုးမှာ ထွက်တိုးနီမျိုးဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး စိုက်ပျိုးမှုအတွက် တစ်ကေလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ်၂၅၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ကေလျှင် ၃၅-၄၀ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ ပထမပတ်တွင် တစ်တင်းလျှင် ငွေကျပ် ၃၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး တစ်ကေလျှင် ငွေကျပ် ၉၅၀,၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြို့ပေါ်ပွဲရုံများသို့ ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ နှံစားပြောင်းသီးနှံ စိုက်ပျိုးခြင်းဖြင့် တိရစ္ဆာန်အစားအစာများဖူလုံသည့်အပြင် ပြောင်းရိုးများကိုလည်း အခင်းပြတ်ရောင်းချရသဖြင့် အပိုဝင်ငွေများရရှိသောကြောင့် နှံစားပြောင်းသီးနှံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း တောင်သူတစ်ဦးထံက သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## Khon Kaen's နိုင်ငံတကာပိုးထည်ပွဲတော် -၂၀၂၄ (Khon Kaen's International Silk Festival -2024) ပြပွဲ ကျင်းပပြုလုပ်မည်

ထိုင်းနိုင်ငံ၊ Khon Kaen ခရိုင်ခန်းမ၌ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်အထိ Khon Kaen's နိုင်ငံတကာပိုးထည်ပွဲတော် ၂၀၂၄ (Khon Kaen's International Silk Festival-2024) ပြပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် ပါဝင်ပြသရောင်းချနိုင်ရေးအတွက် မဲခေါင်ဒေသခွဲနိုင်ငံတစ်နိုင်ငံချင်းဆီက လုပ်ငန်းရှင် ၂ ဦးကို ဖိတ်ကြားစေပြီး ၂ ဒသမ ၅ x ၂ မီတာ အကျယ်ရှိသော ပြခန်း ၂ ခန်းကို အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်ရာ တည်းခိုစရိတ်၊ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် အခြားသော ကုန်ကျစရိတ်များကို လုပ်ငန်းရှင်များကိုယ်တိုင် ကျခံရမည်ဖြစ်သည်။

ယင်းကုန်စည်ပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် မိမိနိုင်ငံ၏ ပိုးထည်နှင့် သေသပ်လှပသော ချည်ထည်ထုတ်ကုန်များကို မဲခေါင်ဒေသခွဲနိုင်ငံများနှင့် အများပြည်သူသို့ ရောင်းချနိုင်ရုံသာမက ကုန်စည်ပြပွဲတွင်ပါဝင်ပြသလျက်ရှိသည့် ကုန်ပစ္စည်းများကိုလည်း လေ့လာနိုင်သကဲ့သို့ အနာဂတ်စီးပွားရေးလမ်းကြောင်းများအတွက်လုပ်ငန်းရှင်များအချင်းချင်းစီးပွားရေးလုပ်ငန်းများ ချိတ်ဆက်နိုင်မည့် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သည်။

Khon Kaen's နိုင်ငံတကာပိုးထည်ပွဲတော်-၂၀၂၄ (Khon Kaen's International Silk Festival-2024) ပြပွဲသို့ ပါဝင်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade @gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

**Source :** https://myantrade.gov.mm/

## ကျိုင်းတုံမြို့နယ်၌ မိုးကန်စွန်းဥ စိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုး



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းလပ်အုပ်စု၊ မိုင်းဇင်းအုပ်စုများတွင် ရာသီအလိုက်သီးနှံများကို စိုက်ပျိုးလျက်ရှိရာ မိုးကန်စွန်းဥကိုလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မိုးကန်စွန်းဥကို မေလနှင့် ဇွန်လတို့တွင် စတင်စိုက်ပျိုးပြီးအောက်တိုဘာလတွင်ထွက်ရှိကြောင်း၊ မျိုးအနေဖြင့် ဒေသမျိုးများဖြစ်သော ရွှေဝါမျိုးနှင့် ငချိပ်မျိုးဟူ၍ နှစ်မျိုးရှိပြီး ငချိပ်မျိုးကိုသာ အများဆုံးစိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကန်စွန်းဥပျိုးပင်များကို မိမိခြံ၌ထွက်ရှိသော ကန်စွန်းပင်၏အညွန့်များကို နှစ်ပေ-သုံးပေခန့် ဖြတ်တောက်၍ ပျိုးထောင်ကာ စိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် ကန်စွန်းဥပျိုးပင်ပေါင်း ၈ သောင်း၊ ၉ သောင်းခန့် စိုက်ပျိုးရပြီး မြေကိုထွန်ယက်၍ ပေါင်စနစ် ဖြင့် စိုက်ပျိုးရကြောင်း၊တစ်ဧကလျှင် ကန်စွန်းဥပိဿာချိန် ၈၀၀ ခန့် ထွက်ရှိကြောင်း၊စိုက်ပျိုးမှုအတွက်မြေထွန်ယက်ခ၊ မြေဆွေးသွင်းအားစု၊လုပ်သားခအပါအဝင် တစ်ဧကလျှင်ငွေကျပ် ၁၁ သိန်းခန့်ကုန်ကျကြောင်း၊ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလပထမပတ်တွင် လက်ကားဈေးနှုန်း ကန်စွန်းဥ အလုံးအသေး/ အကြီးအပေါ်မူတည်၍ ၁၀ လုံး-၁၂ လုံးပါ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ရာ တစ်ဧကလျှင် ငွေကျပ် ကိုးသိန်းခန့် အမြတ်ရရှိပြီး တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိသောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## BRICS အဖွဲ့တွင် မလေးရှားပါဝင်မှုက ကုန်သွယ်မှုနှင့် ကမ္ဘာ့လွှမ်းမိုးမှုတို့၌ တိုးမြှင့်နိုင်ကြောင်း ပညာရှင်များက သုံးသပ်

မလေးရှားနိုင်ငံသည် BRICS အဖွဲ့တွင်မိတ်ဘက်အဖြစ်ပါဝင်လာမှုက အဓိကကုန်သွယ်ဖက်များဖြစ်သော တရုတ်နှင့်အိန္ဒိယကဲ့သို့ BRICS အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှုပိုမိုလွယ်ကူချောမွေ့စေနိုင်ကြောင်း၊ အနောက်နိုင်ငံဈေးကွက်များအပေါ် မှီခိုနေခြင်းထက် ဈေးကွက်ဖြန့်ကျက်ခြင်းကမလေးရှားအတွက်ပိုမိုကြီးမားသောဈေးကွက်များကို တံခါးပွင့်စေကြောင်း Taylor's Business School မှ စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။

BRICS နှင့် ပူးပေါင်းခြင်းဖြင့် မလေးရှားပို့ကုန်များဖြစ်သော စားအုန်းဆီ၊ လျှပ်စစ်ပစ္စည်းများနှင့် ရော်ဘာတို့ကို အိန္ဒိယနှင့် ဘရာဇီးဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်သည်။

မလေးရှားသည် ကမ္ဘာ့ငွေကြေးမူဝါဒများ ထိရောက်ရေး၊ အထူးသဖြင့် နိုင်ငံတကာကုန်သွယ်မှု၊ ရာသီဥတုအပြောင်းအလဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစသည့် ကမ္ဘာ့စီးပွားရေးတွင် BRICS ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပိုမိုတွင်ကျယ်စွာပါဝင်နိုင်မည်ဖြစ်ကြောင်း၊ASEAN-BRICSပူးပေါင်းဆောင်ရွက်မှုတွင်အဓိကအခန်းကဏ္ဍမှပါဝင်ကာ ဒေသတွင်းနှင့်နိုင်ငံတကာ သံတမန်ရေးရပ်တည်ချက်ကို မြှင့်တင်နိုင်ကြောင်း သုံးသပ်ထားသည်။

ထို့ပြင် မလေးရှားသည် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစိမ်းရောင်စွမ်းအင်ကဲ့သို့ အရေးကြီးစီမံကိန်းများအတွက် ၂၀၁၄ ခုနှစ်တွင် BRICS က တည်ထောင်ခဲ့သော ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (New Development Bank -NDB) မှ ချေးငွေများ ရယူနိုင်သကဲ့သို့ ဘဏ္ဍာရေးအကျပ်အတည်းရှိသောအဖွဲ့ဝင်နိုင်ငံများအတွက် BRICS၏ အကူအညီအစီအစဉ်များ၊နည်းပညာအလွှဲအပြောင်း၊သုတေသနပူးပေါင်းဆောင်ရွက်ရေး၊ဉာဏ်ရည်တုနှင့်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတို့တွင်ကျွမ်းကျင်မှုများကိုရရှိကာအသိဉာဏ်အခြေခံစီးပွားရေး(knowledge basedeconomy)သို့ကူးပြောင်းနိုင်မည်ဖြစ်သည်။

ပညာရှင်များက BRICS သည်အမေရိကန်နှင့်ဥရောပနိုင်ငံများ၏ ကမ္ဘာတလွှားလွှမ်းမိုးနိုင်မှုကိုမျှခြေညီရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများက တည်ထောင်ခဲ့ကြောင်းသုံးသပ်ထားသဖြင့် မလေးရှားအနေဖြင့် နိုင်ငံတကာသဘောတူစာချုပ်များညှိနှိုင်းခြင်းနှင့် ကမ္ဘာ့စိန်ခေါ်မှုများကို တုံ့ပြန်ခြင်းတို့တွင် ပိုမိုမျှတသောအခြေအနေဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးမူဝါဒတွင် အခွင့်အာဏာ ပိုမိုသက်ဝင်စေပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ အားနည်းချက်၊ အားသာချက်များအားသေချာချိန်တွယ်လျက် ရေရှည်အမျိုးသားအကျိုးစီးပွား၊ နိုင်ငံခြားရေးမူဝါဒရည်မှန်းချက်များနှင့်ပြည်တွင်းဦးစားပေးကဏ္ဍများ ကို BRICS အဖွဲ့ဝင်မဖြစ်မီ ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း သုံးသပ်ထားကြသည်။

**Source : Bernama**

https://commerce.gov.mm/

## ကမ္ဘောဒီးယားဆန်တင်ပို့မှုသည် ၁၀ လအတွင်း တန်ချိန် ၅၀၀,၀၀၀ ကျော်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၇၆ သန်းကျော်ရရှိခဲ့




၂၀၂၄ ခုနှစ်၏ ပထမ ၁၀ လအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် ဆန်တန်ချိန် ၅၀၇,၀၂၉ မက်ထရစ်တန်အား နိုင်ငံပေါင်း ၆၆ နိုင်ငံသို့ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၇၆ ဒသမ ၆၃ သန်းရရှိခဲ့ကြောင်း ၇-၁၁-၂၀၂၄ ရက်တွင် ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ် (CRF) ၏ ထုတ်ပြန်ချက်အရ သိရသည်။

CRF မှ ကမ္ဘောဒီးယားနိုင်ငံသည် ဥရောပနိုင်ငံ ၂၆ နိုင်ငံသို့ ဆန်တန်ချိန် ၂၅၄,၉၄၅ မက်ထရစ်တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၉၆ ဒသမ ၉၃ သန်း၊ ဟောင်ကောင်၊ မကာအိုနှင့် တရုတ်နိုင်ငံများသို့ ဆန်တန်ချိန် ၉၃,၁၉၇ မက်ထရစ်တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၄၈ သန်း၊ အရှေ့တီမောအပါအဝင် အာဆီယံ ၇ နိုင်ငံသို့ တန်ချိန် ၁၀၀,၉၉၆ မက်ထရစ်တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၆၁ သန်းနှင့် အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ သြစတြေးလျနှင့်နယူးဇီလန်အပါအဝင် အခြားနိုင်ငံပေါင်း ၃၀ သို့ တန်ချိန် ၅၇,၈၉၁ မက်ထရစ်တန် တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၅၁ ဒသမ ၆၁ သန်း ရရှိခဲ့ကြောင်းသိရသည်။

ပြည်ပသို့ ဆန်မွှေး ၇၃ ဒသမ ၂၁ ရာခိုင်နှုန်း၊ ဆန်ဖြူ ၂၁ ဒသမ ၇၁ ရာခိုင်နှုန်း၊ ပြုတ်ဆန် ၃ ဒသမ ၀၄ ရာခိုင်နှုန်း၊ အော်ဂဲနစ်ဆန်၁ဒသမ၇၄ရာခိုင်နှုန်းနှင့်အခြားဆန်၀ဒသမ၃၀ရာခိုင်နှုန်းတင်ပို့ခဲ့သည်။

**Source: Khmer Times**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## အိန္ဒိယ၏ ဟင်းသီးဟင်းရွက်ဆီတင်သွင်းမှုသည် ၂၀၂၄-၂၀၂၅ တွင် လျော့ကျခဲ့ကြောင်း စက်မှုလုပ်ငန်းအုပ်စု ပြောကြား

အိန္ဒိယနိုင်ငံ၏ ဟင်းသီးဟင်းရွက်ဆီတင်သွင်းမှုသည် ၂၀၂၄-၂၀၂၅ ရာသီတွင် မက်ထရစ်တန်ချိန် ၁၀၂ သန်းအထိ ထပ်မံကျဆင်းနိုင်သည်ဟု ခန့်မှန်းထားပြီး ရာသီဥတုကောင်းမွန်ပါက ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်နိုင်ဖွယ်ရှိကြောင်း စက်မှုလုပ်ငန်းအဖွဲ့တစ်ခုက ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံးဟင်းသီးဟင်းရွက်ဆီတင်သွင်းသော အိန္ဒိယနိုင်ငံသည် အောက်တိုဘာလတွင် ကုန်ဆုံးခဲ့သည့် ၂၀၂၃-၂၀၂၄ ရာသီတွင် တန်ချိန် ၁၆ သန်းတင်သွင်းမည်ဟု ခန့်မှန်းထားကြောင်း The Solvent Extractors Association of India ၏ အမှုဆောင်ဒါရိုက်တာ BV Mehta က ပြောကြားခဲ့သည်။

ပြီးခဲ့သော နှစ်တွင် အိန္ဒိယနိုင်ငံသည် တန်ချိန် ၁၆ ဒသမ ၅ သန်းတင်သွင်းခဲ့သည်။

ယခုနှစ်တွင် အိန္ဒိယသီးနှံများအတွက် ရာသီဥတုကောင်းမွန်သဖြင့် ပဲပုပ်နှင့် မြေပဲအစေ့အဆန်များ ထုတ်လုပ်မှုမြင့်မားလာကြောင်း Mehta ကပြောကြားပြီး rapeseed အထွက်နှုန်းမှာလည်း မြင့်တက်လာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှုသည် ၂၀၂၃-၂၀၂၄ တွင် တန်ချိန် ၉ ဒသမ ၂ သန်းရှိမည်ဟုခန့်မှန်းထားပြီး ယခင်နှစ် တန်ချိန် ၉ ဒသမ ၈ သန်းထက်ကျဆင်းခဲ့သည်။

နေကြာဆီတင်သွင်းမှုမှာ ယခင်နှစ်တန်ချိန် ၂ ဒသမ ၉ သန်းနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၃ ဒသမ ၅ သန်းအထိ ပိုမိုများပြားလာခဲ့သည်။

စားအုန်းဆီသည် အိန္ဒိယ၏ ဟင်းသီးဟင်းရွက်ဆီတင်သွင်းမှု၏ ၆၀ ရာခိုင်နှုန်း ဖြစ်သည်။

ယခုနှစ်တွင် စားအုန်းဆီဈေးနှုန်းကြီးမြင့်မှုကြောင့် ဝယ်လက်များ နေကြာဆီဘက်သို့ ပြောင်းလဲသွားကြကြောင်း Mehta ကပြောကြားခဲ့သည်။

**Source:economicitmes**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## အင်ဒိုနီးရှားဘဏ် (Bank Indonesia) နှင့် စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (Monetary Authority of Singapore -MAS) တို့အကြား နှစ်နိုင်ငံ ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ၂၀၂၇ ခုနှစ်အထိ တိုးမြှင့်ဆောင်ရွက်

အင်ဒိုနီးရှားနိုင်ငံ၏ ဗဟိုဘဏ်ဖြစ်သည့် အင်ဒိုနီးရှားဘဏ် (Bank Indonesia) နှင့် စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (Monetary Authority of Singapore-MAS) တို့သည် နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား နှစ်နိုင်ငံငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ၂၀၂၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်အထိ ထပ်မံသက်တမ်းတိုးခဲ့ကြောင်း MAS က ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယခင်က သက်တမ်း ၁ နှစ်ဖြစ်ပြီးယခုသက်တမ်း ၃ နှစ်တိုးမြှင့်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံနှင့်စင်ကာပူနိုင်ငံတို့တွင် ငွေကြေးနှင့်ဘဏ္ဍာရေးတည်ငြိမ်မှုရှိစေရေး နှစ်နိုင်ငံဗဟိုဘဏ်များအကြား ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ကြောင်း ဖော်ပြထားသည်။

နှစ်နိုင်ငံ ငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် စင်ကာပူဒေါ်လာ ၉ ဒသမ ၅ ဘီလီယံအထိ သို့မဟုတ် အင်ဒိုနီးရှားငွေကြေး IDR ၁၀၀ ထရီလီယံအထိ နှစ်နိုင်ငံ ဗဟိုဘဏ်များအကြား ပြည်တွင်းသုံးငွေကြေးအဖြစ်သို့ လဲလှယ်ခွင့်ပြုသည့် ပြည်တွင်းသုံးငွေကြေးသဘောတူညီမှု (local currency bilateral swap agreement)၊ အပေါင်ပစ္စည်းအဖြစ် G3 Government Bonds အသုံးပြု၍ အမေရိကန်ဒေါ်လာ ၃ ဘီလီယံအထိ ငွေသားအဖြစ်ရယူနိုင်ရန် နှစ်နိုင်ငံဗဟိုဘဏ်များအကြား ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ခွင့်အတွက် repo agreement တို့ပါဝင်သည်။

**Source : Monetary Authority of Singapore**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

https://myantrade.gov.mm/

# STOCK EXCHANGE (12.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,377 (Shares) | 15,210,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,900 | 8,800 | 438 | 3,857,400 | 33,109,694 | 291,365 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,300 | 1,580 | 5,214,000 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,950 | 1,950 | 1,900 | 351 | 669,450 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 731 | 1,225,200 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 55 | 247,500 | 10,497,598 | 47,239 |
| MAEX | 00008 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 1,222 | 3,996,500 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 12th Nov. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.86 | -0.40 | -0.10% | 403.01 | 403.98 | 401.70 | 4,377 | 15,210,050 | 8 | 759,864 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 12th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 4,377 (Shares) | 15,210,050 (MMK) |

## Main Board

As of 1:00 pm, 12th Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,377 (Shares) | 15,210,050 (MMK) |

| MYANPIX | 402.86 ▼ 0.40 |
|---|---|
| Total Volume (shares) | 4,377 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 759,864 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 50 |